# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## စတုတ္ထနေ့ အစီအစဉ်

[ ၁၉–၁၁–၂၀၁၅ ] (ကြာသပတေးနေ့) ( ၁၁၀၀ နာရီ )

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီတို့တွင် လစ်လပ်နေသော ကော်မတီ အဖွဲ့ဝင်နေရာ ထည့်သွင်းဖွဲ့စည်းခြင်းကို လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၆။ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် အဖွဲ့ဝင်များ ထည့်သွင်းဖွဲ့စည်းကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၇။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးရဲထွန်း၊ သံတွဲ မဲဆန္ဒနယ်၏ သံတွဲမြို့ ပေလီ–မဇင် လေယာဉ်ကွင်းနှင့် လေယာဉ်ပြေးလမ်းလုံခြုံရေးအတွက် လေကြောင်းရဲတပ်ဖွဲ့အား ၂၀၁၆ ခုနှစ် ပွင့်လင်းရာသီအမီ ဖွဲ့စည်းပေးရန်နှင့် ပင်လယ်ပြင်

ဝင်ပေါက်များမှ တရားမဝင် ခိုးဝင်ရောက်မှုများအား ကာကွယ် တားဆီးရန် ကင်းလှည့်ရေယာဉ်များ ပါဝင်သော ရေကြောင်း ရဲတပ်ဖွဲ့ကို အမြန်ဆုံး ဖွဲ့စည်းပေးရန် နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်တွင် သတ်မှတ်ကာလအတွင်း မပြီးသေးသည့် လုပ်ငန်း/ စီမံကိန်း မည်မျှရှိပြီး ထိုသို့ မပြီးစီးမှုကို မည်သို့ အရေးယူဆောင်ရွက်ပါသနည်း၊ ယခု (၅)နှစ်တာ ကာလအတွင်း အရေးယူမှုပေါင်း မည်မျှရှိ၍ ထိုအခြေအနေ အရပ်ရပ်ကို ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်မောင်ညို၊ ပေါက် မဲဆန္ဒနယ်၏ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးအတွက် အမှန်လိုအပ်နေသည့် ကိစ္စရပ်များအပေါ် ပြည်ထောင်စု အစိုးရနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ကြား အချင်းချင်း ညှိနှိုင်းပေါင်းစပ်ခြင်း၊ ဝန်ကြီးဌာနအချင်းချင်း တို့ကြား ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးရန် လိုအပ်နေသည့် ကိစ္စရပ်များပေါ် မည်ကဲ့သို့သော ဆောင်ရွက်မှုများ ပြုလုပ်ပေးမည်ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်စန္ဒာမင်း၊ ဇမ္ဗူသီရိ မဲဆန္ဒနယ်၏ မဘိမ်းမြို့နယ်ရှိ ကြံတောင်သူ များနှင့် ဂရိတ်ဝေါလ်–ဝေမာဟိုးလ်ဒင်း လီမိတက်တို့ နှစ်ဦးသဘောတူ ချုပ်ဆိုထားသော စာချုပ်ကို မည်သည့်အတွက်ကြောင့် ဂရိတ်ဝေါလ် ဘက်မှ ချိုးဖောက်သည်နှင့် နစ်နာသော ကြံတောင်သူများအတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၈။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက " တိရစ္ဆာန်ဆေးပညာကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" ကို တင်သွင်းခြင်း၊

၉။ တိရစ္ဆာန်ဆေးပညာကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း၊

၁၀။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက တင်သွင်းသည့် "တိရစ္ဆာန်ဆေးပညာကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် "ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၂။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် "ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၃။ ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် "ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာ တူးမြောင်း ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၄။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။